# ရှာဖွေတွေ့ရှိသောအဖွဲ့ကိုခြုံငုံသုံးသပ်ချက်
DISCOVERY GROUP OVERVIEW - IDMM

နေ့စွဲ- ၁၈/၁၉ (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား၊ သူ) သည်

၁. ရှာဖွေတွေ့ရှိသောအဖွဲ့ နှင့် လူ့အသိုင်းအဝိုင်းကိုအခြေပြုပြီးချဉ်းကပ်နည်းများအပါအဝင် မတူညီသော နည်းလမ်းများကို အသုံးပြု၍ အသင်းတော်တည်ထောင်ခြင်း သာသနာ/DMM ထဲသို့ CDE ပေါင်းစပ်ဖွဲ့စည်းခြင်းဟူသည် အဘယ်သို့ဆိုလိုသည်ကို နားလည်နိုင်လိမ့်မည်။

၂. ဤချဉ်းကပ်မှုများအကြား ခြားနားမှုများနှင့်တူညီမှုများကို ဖော်ပြပြီး အဘယ်အရာသည် လူ့အသိုင်းအဝိုင်းအတွက် သင့်လျော်မှုအများဆုံးဖြစ်သည်ကို သတ်မှတ်ပိုင်းခြားနိုင်လိမ့်မည်။

**<u>သင်တန်းဆရာများအတွက်ခြုံငုံသုံးသပ်ခြင်း-</u>** ဤသင်ခန်းစာသည် CHE ချဉ်းကပ်မှုများကိုခြုံငုံသုံးသပ်ရန်နှင့် DMMနှင့်အတူCHEသို့ပေါင်းစပ်ရန်ဖန်တီးမှုလက်လှမ်းမှီသောနေရာ များတွင်လိုအပ်သည့်အရာများကိုစဉ်းစားရန် ပါဝင်သောသင်တန်းသား/သူများတို့အား ကူညီသည်။

ယနေ့တွင် ကျွန်တော်တို့သည် ရှာဖွေတွေ့ရှိသောအဖွဲ့များအကြောင်းကို လေ့လာသွားမည်။

**<u>IDMM လုပ်နည်းကိုင်နည်းအစီအစဉ်ကို ပြန်လည်စစ်ဆေးကြည့်ရှုခြင်း</u>**

၁. ပထမဆုံး IDMM အသင်းဝင်တစ်ဦးသည် IDMM သင်တန်းနှင့် သူတို့၏မိသားစု သို့မဟုတ် မိတ်သဟာရဖွဲ့ခြင်း အဖွဲ့တွင် ရှာဖွေတွေ့ရှိခြင်းများ ပြုလုပ်သည်။ သူတို့အား ပြီးပြည့်စုံသော တပည့်တော်ဖြစ်လာစေသူများ သို့မဟုတ် IDMM ကိုလုပ်ဆောင်သူ များဟု ခေါ်သည်။

၂. IDMM အသင်းသည် ဆုတောင်းခြင်းဖြင့် လူ့အသိုင်းအဝိုင်းတစ်ခုကိုရွေးချယ်ကာ လူ့အသိုင်းအဝိုင်းသို့စတင် လည်ပတ်သည်။

၃. သူတို့သည် လူ့အသိုင်းအဝိုင်း ထဲရှိ လူတွေ သို့မဟုတ် ခင်မင် ရင်းနှီးတဲ့ လူစု နဲ့တွေ့ဆုံကြသည်။

၄. သူတို့သည် ချစ်ခြင်းမေတ္တာကိုကျင့်ဆောင်ခြင်းနှင့်အတူ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုဝေငှနေသည်သာမက ပုံ ဥပမာများ သို့မဟုတ် အံ့သြအမှုများကဲ့သို့သော ယေရှုအကြောင်း ပုံပြင်များကိုလည်း ပြောဆိုကြသည်။

၅. ပုံပြင်များ ကို အမျိုးသား၊ အမျိုးသမီး နှင့် သူတို့၏မိသားစု က စိတ်ဝင်စားသည်။

၆. IDMM လုပ်ဆောင်သူသည် **-သင်နှင့်သင်၏မိသားစုသည် ဘုရားသခင်၏သန့်ရှင်းသောကျမ်းစာအုပ်အကြောင်းနှင့်ပတ်သက်၍ သာ၍လေ့လာရန်စိတ်ဝင်စားသလား-** ဟူသောတူညီသည့် မေးခွန်းတစ်ခုကို မေးမြန်းသည်။

၇. အကယ်၍သူတို့က "ဟုတ်ကဲ့" ဟုပြောပြီး IDMM လုပ်ဆောင်သူကို သူတို့၏နေအိမ်သို့ ဖိတ်ခေါ်ပါက ၎င်းတို့သည် ဖြစ်နိုင်ချေရှိသူကို ရှာတွေ့လိမ့်မည်။

၈. ၁-၂ ရက်အတွင်း ရှာဖွေတွေ့ရှိသောအဖွဲ့တစ်ခုကိုစတင်ရန် အချိန်သတ်မှတ်ပါ။

၉. စတင်ရန်ကောင်းမွန်သောနေရာ မှာ ဖန်ဆင်းခြင်းမှခရစ်တော် အကြားအတွဲဖြစ်သည်။

## I. ရှာဖွေတွေ့ရှိသောအဖွဲ့၏ အခြေခံများကိုနားလည်ခြင်း

### က. ရှာဖွေတွေ့ရှိသောအဖွဲ့၏ လိုအပ်ချက်များမှာ အဘယ်အရာနည်း။

*အဖွဲ့အားလုံးနှင့်အတူ အောက်ပါတို့ကို ဝေမျှပါ။*

၁. အများစိတ်ဝင်စားမှုများ သို့မဟုတ် ဆက်နွယ်မှု ဆိုင်ရာ ဆက်သွယ်မှုရှိသူ လူ ၃-၅ဦးနှင့် စတင်ပါ။

၂. တစ်ပတ်တစ်ကြိမ်တွေ့ဆုံပါ။ သို့သော်နှစ်ပတ်ခြားထက်မနည်းစေနှင့်။

၃. ၁ နာရီ- ၁ နာရီ ဝက်ခန့် တွေ့ဆုံပါ။

### ခ. သင်တန်းမှူး (မေးခွန်းမေးမြန်းသူ) ၏အခန်းကဏ္ဍသည် အဘယ်နည်း။

*အကြံအဉာဏ်များအတွက် စုပေါင်းအဖွဲ့အား မေးမြန်းပါ။ ပြီးနောက် ဤအချက်များနှင့်အတူ ဖြည့်စွက်ပါ။*

၁. အဖွဲ့တွင် အခြားသူများအားစံပြဖြစ်သည်။

၂. ခေါင်းဆောင်သည် သင်တန်းမှူးဖြစ်သည်၊ ဆရာမဟုတ်ပါ။

၃. သင်တန်းမှူးသည် သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီခိုအားထားသည်။

၄. မေးခွန်းများကိုမေးပါ၊ သင်ကြားခြင်း၊ ဟောပြောခြင်းတို့ကို မပြုလုပ်ပါ။

၅. လူတိုင်း ကို ပါဝင်နိုင်ရန် အခွင့်အရေးပေးပါ။

၆. ဝိညာဉ်ရေးရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကဏ္ဍများကို ပေါင်းစပ်ရန် လိုအပ်သော ခံစားချက်များ နှင့် ပြဿနာများ ကို နားထောင်ပါ။

၇. လက်ရှိအဖွဲ့ဝင်များကိုဦးဆောင်ရန် တိုက်တွန်းအားပေးခြင်းဖြင့် အုပ်စုအသစ်များ စတင်၍ကူညီရန် အဆင်သင့်ရှိသည်။

၈. သင်တန်းမှူးသည် ဘုရားသခင်၏နှုတ်ကပတ်တော်၊ ကျန်းမာရေးနှင့်လူမှုရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သူတို့ကြားနာသော၊ နားလည်သောအရာတို့ကို ဝေငှလိမ့်မည်။ သူတို့သည် လွှမ်းမိုးဖို့သတိထားရန် လိုအပ်သည်။

၉. နားထောင်ရန်နှင့် နာခံရန် ယေရှု၊ ဘုရားသခင်၏နှုတ်ကပတ်တော်ပတ်လည်၌ စုရုံးသည်။

## ဂ. ပြည့်စုံသောတပည့်တော်ဖြစ်လာစေခြင်း၌ရှာဖွေတွေ့ရှိသောအဖွဲ့တစ်ခုတွင် အပိုင်းလေးပိုင်းပါဝင်သည်။

အောက်ပါတို့ကိုဝေမျှပါ။

၁. **ပြန်လည်တွေးတောကြည့်ခြင်း-** လွန်ခဲ့သောအပတ်ကို ပြန်လည် သုံးသပ်ခြင်း၊

၂. **ရှေ့သို့မျှော်ကြည့်ခြင်း-** ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို အာရုံစိုက်ခြင်း ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာခြင်းကို အဘယ်ကဲ့သို့လွယ်ကူချောမွေ့စေရန် နည်းလမ်းဖြစ်သည်။

က. ကျမ်းပိုဒ်တစ်ခုကိုဖတ်ပါ၊ ပုံပြင်တစ်ပုဒ်ကိုပြောပါ သို့မဟုတ် အများဆုံး ၁၀-၁၅ ကျမ်းပိုဒ်ရှိသော ပုံပြင်ကိုသရုပ်ဖော်ပြသမှုတစ်ခုကိုပြုလုပ်ပါ။ အခြားသူများက နားထောင်ပါ။

ခ.  နောက်တစ်ယောက်ကကျမ်းပုဒ်ကို ဖတ်ပါ သို့မဟုတ် ပုံပြင်ကိုပြောပါ။ အခြားသူများက နားထောင်ပါ။

ဂ.  နောက်တစ်ယောက်က အဓိပ္ပါယ်ပြန်ဆိုခြင်းမရှိဘဲ ကျမ်းပိုဒ်အားမိမိစကားလုံးများဖြင့် ပြန်ပြောစေပါ။

ဃ. အဖွဲ့သည် ပါဝင်သည့်အကြောင်းအရာကို ဖြည့်စွက်ခြင်း သို့မဟုတ် ဖယ်ရှားခြင်း အားဖြင့်  ပြန်လည်ဖော်ပြချက်သည် ပိုမို၍ တိကျစွာ နှင့် နားလည်ရန် ဖြစ်သည်။

င. အခြားတစ်ယောက်အား သူတို့ကိုယ်ပိုင်စကားလုံးများဖြင့် ပြန်ပြောဆိုရန် တောင်းဆိုပါ။

**စ. အဓိကကျသောမေးခွန်းသုံးခု**

၁. ဤကျမ်းပိုဒ်သည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့အား အဘယ်အရာကို သွန်သင်သနည်း။

၂ ဤကျမ်းပိုဒ်သည် လူအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့အား အဘယ် အရာကို သွန်သင်သနည်း။

၃. အကယ်၍ဤအရာသည် ဘုရားသခင်ပြောဆိုမှုဖြစ်လျှင် ဤအပတ်တွင်သင် လေ့လာခဲ့သောအရာအား သင်မည်သို့တို့ပြန်လိမ့်မည်နည်း။

 က. "ကျွန်တော်သည် ...... လိမ့်မည်"

<u>လမ်းညွှန်ချက်များ-</u>

က. ကျမ်းပိုဒ်ကိုအာရုံစိုက်ပါ။ အပြန်အလှန်ကိုးကားခြင်း သို့မဟုတ် ပြင်ပ အထောက်အကူများ မရှိပါ။

ခ. အကယ်၍အသင်းဝင်တစ်ဦးသည် ပြင်ပ အထောက်အကူများသို့ သွားလျှင် အခြားသူများက "ဒီစာကို အဘယ်နေရာမှ သင်တွေ့ရှိသနည်းဟု    မေးနိုင်သည်။"

၁. **မျှော်လင့်စောင့်စားခြင်း/ရှေ့သို့မျှော်ခြင်း-** ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့ အဘယ်ကဲ့သို့ နာခံသည်၊ ကျွန်တော်တို့လေ့လာသိရှိခဲ့ ရာကို တစ်စုံတစ်ယောက်နှင့်အတူ ဝေမျှပါ။

၂. **စောင့်မျှော်ခြင်း/အပြင်ဘက်သို့မျှော်ခြင်း-** ကျွန်တော်တို့ချစ်ခြင်းမေတ္တာပြမည့်သူအား ဝေမျှရန် နှင့် လူ့အသိုင်းအဝိုင်းတွင် ကျန်းမာရေး သို့မဟုတ် လူမှုရေးလိုအပ်ချက်များကို ဝေမျှပါ။

## II.  ရှာဖွေတွေ့ရှိသောအဖွဲ့ စံပြနမူနာနှင့် လက်တွေ့ကျင့်သုံးမှု

သင်နှင့်လာရောက်ပူးပေါင်းစေရန် လုပ်အားပေးသုံးဦးကိုတောင်းဆိုပြီး စက်ဝိုင်းတစ်ဂက်လောက် ထိုင်ခိုင်းပါ၊ သို့မှသာ အားလုံး မြင်နိုင်၊ ကြားနိုင်သည်။ လူတိုင်းကို နှုတ်ဆက်ပြီး ထိုင်ခိုင်းပါ၊ လက်ဘက်ရည်ကြမ်းသုံးဆောင်ကြ ရန် သူတို့အားကမ်းလှမ်းပါ။

**က. ပြန်ကြည့်ခြင်း**

ပထမဆုံး ကျွန်တော်တို့သည် လွန်ခဲ့သောအပတ်ကို ပြန်၍ကြည့်ရအောင်။

**၁. သင်သည် ဤရက်သတ္တပတ်အတွက် အဘယ်အရာကိုကျေးဇူးတင်သနည်း။**

**၂. သင်သည် ဤရက်သတ္တပတ်တွင် ဘာတွေရုန်းကန်နေရသနည်း။**

သင်၏မိသားစု၊ မိတ်ဆွေများနှင့် အိမ်နီးနားချင်းများတို့၏အခြေအနေ ဘယ်လိုရှိသလဲ။

**၃. လွန်ခဲ့သောရက်သတ္တပတ်တွင်လေ့လာခဲ့သောအရာများကို သင်သည် မည်သူနှင့်အတူဝေမျှခဲ့သနည်း။**

လွန်ခဲ့သောအချိန်တွင် ကျွန်တော်တို့သည် ကမ္ဘာဦးကျမ်း ၁း၂၆ မှ ဘုရားသခင်၏သမ္မာတရားကို ရှာဖွေတွေ့ရှိခဲ့သည်။

(ဤလေ့ကျင့်ခန်းအတွက် သင်ဖတ်နိုင်သည်)

ကမ္ဘာဦးကျမ်း ၁း၂၆

တဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုင်၎င်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုင်၎င်း၊ သားယဉ်တို့ကိုင်၎င်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုင်၎င်း၊ အုပ်စိုး စေဟု အမိန့်တော်ရှိ၏။

၄. ၎င်းသည် ဤရက်သတ္တပတ် သင်၏ "ငါ.......လိမ့်မည်"နှင့်အတူ အဘယ်ကဲ့သို့သွားမည်နည်း။

ဝိညာဉ်ရေးရာ၊ ခန္ဓာရေးရာနှင့် လူမှုရေးရာပြောင်းလဲမှုများအကြောင်းကို မေးမြန်းပါ။

**ခ. ရှေ့သို့မျှော်ကြည့်ခြင်း-**

၁. ကျွန်တော်သည် ကမ္ဘာဦးကျမ်း ၅း၁-၂ ကိုဖတ်လိမ့်မည်။ ကျေးဇူးပြု၍ဂရုတစိုက်နားထောင်ပါ။ ၎င်းသည် အာဒံ၏မိသားစုသားစဉ်မြေးဆက်ကိုမှတ်သားရေးသားထားသောအကြောင်းအရာဖြစ်သည်။ဘုရားသခင်သည် လူကိုဖန်ဆင်းခဲ့သောအခါ သူတို့အားဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် လူယောကျ်ားနှင့်လူမိန်းမကိုဖန်ဆင်းပြီး သူတို့အားကောင်းချီးပေးခဲ့သည်။ ၎င်းနောက် သူတို့ကိုဖန်ဆင်းခဲ့သောအချိန်တွင် သူတို့အားလူသတ္တဝါအဖြစ် မှည့်ပေးခဲ့သည်။

၂. နောက်တစ်ယောက်အား ကမ္ဘာဦးကျမ်း ၅း၁-၂ ကို ဖတ်စေပါ။ အယောက်စီတိုင်း ဂရုတစိုက်နားထောင်ပါ။

၃. တစ်စုံတစ်ယောက်က ဤပုံပြင်ကိုသင်တို့၏ကိုယ်ပိုင်စကားလုံးဖြင့် ပြန်လည်ပြောလိမ့်မည်လော။ လွဲနေခြင်း သို့မဟုတ် ခြားနားမှုတစ်စုံတစ်ခုရှိပါသလား။ တစ်စုံတစ်ယောက်က ဤပုံပြင်ကို ပြန်လည်ပြောလိမ့်မည်လော။

၄. ဤကျမ်းချက်သည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့အားအဘယ်အရာကိုသွန်သင်ပေးသနည်း။

၅. ထိုကျမ်းချက်သည် ကျွန်တော်တို့ကိုယ်တိုင် သို့မဟုတ် လူသားအကြောင်းနှင့် ပတ်သက်၍ ကျွန်တော်တို့အား အဘယ်အရာကိုသွန်သင်ပေးသနည်း။

၆. အကယ်၍ဤအရာသည် ဘုရားသခင်ပြောဆိုမှုဖြစ်လျှင် ဤအပတ်တွင်သင်လေ့လာခဲ့သောအရာအား သင်မည်သို့တို့ပြန်လိမ့်မည်နည်း။ "ကျွန်တော်သည် ...... လိမ့်မည်။"

**ဂ. မျှော်လင့်စောင့်စားခြင်း/ရှေ့သို့မျှော်ခြင်း**

၁. ဤရက်သတ္တပတ်တွင်လေ့လာခဲ့သောအရာများကို သင်သည် မည်သူနှင့်အတူဝေမျှမည်

နည်း။

၂. ကျွန်တော်တို့၏အရေးကြီးပုဂ္ဂိုလ် (VIP) အတွက် အမည်တပ်၍အတူတကွ ဆုတောင်းပါ။ (ဘုရားသခင်ကစိတ်နှလုံးတွင်ထည့်ပေးခဲ့သော ကျွန်ုပ်ပတ်လည်ရှိ ယုံကြည်သူတစ်ဦးမဟုတ်ပါ)

၃. ကျွန်တော်သည် ကျင့်ဆောင်ခြင်းနှင့် ပြောဆိုခြင်းတို့ဖြင့် ကျွန်တော့်၏အရေးကြီး ပုဂ္ဂိုလ်အား အဘယ်ကဲ့သို့အသိသက်သေတစ်ဦး ဖြစ်နိုင်ရန် ဘုရားသခင်ထံဆုတောင်းပါ (နားထောင်ချိန်)။ ဝေငှပါ၊ ဆုတောင်းပါ။

**ဃ. စောင့်မျှော်ခြင်း/အပြင်ဘက်သို့မျှော်ခြင်း (ဤအရာသည် ပြီးပြည့်စုံသောတပည့်တော် ဖြစ်လာစေခြင်းဖြစ်သည်)**

၁. ဤရက်သတ္တပတ်တွင် ကျွန်တော်တို့ကူညီနိုင်သော လိုအပ်မှုတစ်ခုရှိသူတစ်ယောက် ယောက်အား သင်သိပါသလား။ အကြံပြုပါ သို့မဟုတ် ချစ်ခြင်းမေတ္တာပြုကျင့်ခြင်းတစ်ခုကို စီစဉ်ပါ။

၂. သင်၏မိသားစု သို့မဟုတ် ပတ်ဝန်းကျင်၌နေထိုင်သူများနှင့်စပ်လျဉ်း၍ ကောင်းမွန်သော ကိစ္စရပ်များ သို့မဟုတ် အခြားပြဿနာများတစ်စုံတစ်ခုခု ရှိပါသလား။

၃. ကျန်းမာရေး သို့မဟုတ် လူမှုရေးရာကိစ္စရပ်များအပေါ်အာရုံစူးစိုက်သော ရုပ်ပုံစာအုပ် တစ်အုပ်၏ တိုတောင်းသောဆွေးနွေးမှု သို့မဟုတ် သိသာထင်ရှားစေခြင်းတစ်ခု

ဤရက်သတ္တပတ်တွင် အကယ်၍ကျွန်တော်တို့၏ကလေးသည် ဝမ်းလျှောခြင်းမှရေဓာတ် ကုန်ခန်းလျှင် ကျွန်တော်တို့သည် အဘယ်သို့ဆောင်ရွက်ရမည်ကို လေ့လာသွားမည်။

**<u>ဝမ်းလျှောခြင်းနှင့် ရေဓာတ်ကုန်ခန်းခြင်း- ပုံပြင် သို့မဟုတ် အသက်တာတွင်အမှန် တွေ့ကြုံမှုကို ပြောပါ။</u>**

လွန်ခဲ့သော အပတ်တွင် ဂျာမီလာ(Jamila) က သူမ၏ကလေးငယ်သည် ဝမ်းလျှော ခြင်းဖြင့်ဖျားခဲ့သည့်အကြောင်းကိုဝေမျှခဲ့သည်။ ၎င်းနောက်သူမသည် အလွန်အားနည်း လာသည်။ ကျွန်တော်သည် ဂျာမီလာနေအိမ်သို့သွားခဲ့ပြီး ကလေးငယ်အတွက်ခွန်အားပြည့် ဝလာစေရန် အဘယ်ကဲ့သို့သောအထူးသောက်သုံးမှုကိုသောက်ရန်နှင့် ဝမ်းလျှောခြင်းဖြင့် ကုန်ဆုံးသွားခဲ့သောကလေးငယ်၏အရည်ကို မူလရှိရင်းအခြေသို့ပြန်ရောက်စေရန် သူမ အား ပြသပေးခဲ့သည်။

**ကလေးငယ်တစ်ဦးတွင် ရေဓာတ်ဆုံးရှုံးခြင်း (သူ၏ခန္ဓာကိုယ်ထဲတွင်ရေကောင်းမဲ့ခြင်း) တစ်ချို့လက္ခဏာများမှာ အဘယ်နည်း။**

က. ကလေး၏ယေဘုယျအခြေအနေကို ကြည့်ပါ။

၁. သူသည် နိုးနေသလား၊ သတိရှိသလား။

၂. သို့မဟုတ် သူသည် ငိုက်မျဉ်းနေသလား သို့မဟုတ် အိပ်ချင်မူးတူးဖြစ် နေသလား သို့မဟုတ် သတိလက်လွတ်ဖြစ်သလား။

၃. သူမသည် မနားမနေဖြစ်သလား၊ ဒေါသအမျက်ထွက်လွယ်သလား။

ခ. အကယ်၍ ဖြစ်နိုင်လျှင် ကလေးအား ကိုယ်အလေးချိန်ပါ။ သူသည် ကိုယ်အလေးချိန် လျော့နေခဲ့သလား။ ဘယ်လောက်လျော့သလဲ။

ဂ. သူမ၏မျက်လုံးကိုကြည့်ပါ။ မျက်လုံးများတို့သည် မြုပ်နေသလား။

ဃ. အရေပြားကိုဆိတ်၍ စမ်းသပ်ကြီးစားပါ။

ဝမ်းဗိုက်၏အရေပြားကိုဆိတ်ပါ၊ ညှစ်ပါ။ ၎င်းသည် ပြန်သွားသလား။

၁. အလွန်နှေးကွေးစွာ (၂စက္ကန့်ထက် ပိုကြာသည်)

၂. နှေးကွေးစွာ

၃. ချက်ချင်း

င. ကလေးအား အရည်ပေးကမ်းပါ။ ကလေးသည်....

၁. မသောက်နိုင်သလား သို့မဟုတ် သောက်တာနည်းသလား။

၂. ရေဆာသလား၊ စိတ်အားထက်သန်စွာသောက်သလား။

**ဆေးခန်းသို့သွားချိန်--**

၁. ကလေးကအိပ်ချင်စိတ် သို့မဟုတ်  သတိမေ့မျောနေသည်။

၂. ကလေးသည် ကိုယ်အလေးချိန် တစ်ဆယ်ရာခိုင်နှုန်းကျသည်။

၃. ကလေးတွင် ခြောက်သွေ့သောနှုတ်ခမ်းနှင့် မြုပ်နေသောမျက်လုံးရှိသည်။

၄. ဆိတ်၍ စမ်းသပ်မှုသည် အလွန်နှေးကွေးစွာနဂိုအတိုင်းပြန်ဖြစ်လာသည်။

၅. ကလေးသည် မသောက်နိုင်ပါ သို့မဟုတ် နှေးကွေးစွာသောက်နေသည်။

**ကိုယ်ခန္ဓာသို့ရေဓာတ်ပြန်လည်ရရှိစေရန်ကို မည်ကဲ့သို့ပြင်ဆင်မည်နည်း။**

၁. သန့်ရှင်းပြီးဆူပွက်သောရေနွေး တစ်လီတာရှိသည့်ရေဗူးတစ်ဗူးသို့ ပုလင်းအဖုံးမှသကြားခြောက်ခွက် (လက်ဘက်ရည်ဇွန်း) နှင့် ဆားတစ်ဝက်တို့ကိုဖြည့်စွက်ပါ။  တိုင်းတာချိန်တွယ်ရန် ဆိုဒါရည်ပုလင်းတစ်ခုမှအဖုံးကို သုံးပါ။

၂. အားလုံးအရည်ဖြစ်ကာအနေထိုင်ပြီးနောက် သူမ၏ကလေးသည် ဤဖြေရှင်းမှု၌ ခွက်တစ်ဝက်ကိုလိုအပ်သည်။

၃. ၎င်းကိုသန့်ရှင်းသောခွက်တစ်ခုထဲထည့်ပြီး ခွက်သို့မဟုတ် ဇွန်းတခုခုကို အသုံးပြု၍ ကလေးအားကျိုက်၍ သောက်စေရန်ပေးပါ။

၄. ဝမ်းလျောခြင်းရပ်သွားသည်ထိတိုင်အောင် ဤအရာကိုဆက်လက်ပေးပါ။

**၄. ဤသိနားလည်ခြင်းအသစ်နှင့်အတူ သင်ဘာလုပ်မည်နည်း။ ကျွန်တော်သည်.... လိမ့်မည်။**

မှတ်စုများ-

- ရှာဖွေတွေ့ရှိသောအဖွဲ့၏လုပ်ဆောင်ရန်အစီအစဉ်- ရှာဖွေတွေ့ရှိသောအဖွဲ့၏လေးပိုင်းကို ပြန်၍ ခြုံငုံသုံးသပ်ပါ။
- ရှာဖွေတွေ့ရှိသောအဖွဲ့၏ဖြစ်ရပ်ပုံပြင်များ- ဖန်ဆင်းခြင်းမှခရစ်တော်ချိန်ထိ။ ဤအရာများတို့သည် ရှာဖွေတွေ့ရှိသောအဖွဲ့များနှင့်အတူ အသုံးပြုနိုင်သောကျမ်းပိုဒ်များ၏နမူနာများဖြစ်ကြသည်။
- သမ္မာကျမ်းစာစူးစမ်းလေ့လာရှာဖွေရန်အတွက် IDMM နှင့်ဆက်နွယ်သောကျမ်းပိုဒ်များ- ဤအရာများ တို့သည် ပြီးပြည့်စုံသောတပည့်တော်ဖြစ်လာစေခြင်း၏အဓိကနိယာမများကိုနားလည်စေရန် ယေရှု၏တပည့်တော်များအားကူညီရန်ကျမ်းပိုဒ်များဖြစ်သည်။

## III. <u>အကျဉ်းချုပ်- ရှာဖွေတွေ့ရှိသောအဖွဲ့၏အကျိုးကျေးဇူးများမှာ အဘယ်နည်း။</u>

၁. အသက်တာနယ်ပယ်အားလုံး၌ ယေရှုကပုံသက်သေအဖြစ်ပြသခဲ့သော တပည့်တော်ဖြစ်စေခြင်း နိယာမများအပေါ် အာရုံစူးစိုက်သည်။

၂. သစ္စာရှိသောလုပ်သားများနှင့် သင်တန်းမှူးတို့က အသုံးပြုသောအခါ အသီး များသီးလိမ့်မည်။

၃. ၎င်းသည် အစီအစဉ် သို့မဟုတ် နည်းစနစ်မဟုတ်ဘဲ အဖွဲ့အတွင်း ရှိ ရှာဖွေတွေ့ရှိမှု နှင့် နာခံမှုကို အားပေးသော နည်းလမ်းဖြစ်သည်။

၄. ဘုရားသခင်ကို ရှာသောသူများနှင့်တပည့်တော် များနှင့်အတူ အသုံးပြုနိုင်သည်။

၅. မိသားစု၊ လူ့အဖွဲ့အစည်း၊ အလုပ်နှင့် အားလပ်ချိန်ဆက်သွယ်မှုများနှင့်အတူ စစ်မှန်သော အသက်တာတွင် အသုံးပြုနိုင်သည်။

၆. အဖွဲ့ဝင်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနာခံလိုက်လျှောက်သော သူနှင့် ကောင်းမွန်သောကျန်းမာရေး အလေ့အကျင့် များကို ကျင့်သုံးသောတပည့်တော်များ ဖြစ်ကြသည်။

**ကိုးကားချက်များ-**

Cityteam International. 2016. Available from: http://www.cityteam.org/about/
Smit, H. 2016. *Disciple Making Movements.* Cityteam.
Trousdale, J. 2012. *Miraculous Movements*. Cityteam International.
Watson, D. and P. Watson. *Contagious Disciple-making.* Thomas Nelson

**ရပ်တည်မှု-** သင်တန်းမှူးသည် သင်တန်းသူ၊သားများအား ရှာဖွေတွေ့ရှိသောအဖွဲ့၏လုပ်ဆောင်ရန် အစီအစဉ်ကိုသိရှိနားလည်စေရန် ကူညီသည်။

**ကျွမ်းကျင်မှု-** သင်တန်းသူ/သားများတို့သည် ပြီးပြည့်စုံသောရှာဖွေတွေ့ရှိသည့်အဖွဲ့သည် မည်သို့အလုပ်လုပ်သည်ကိုစတင်နားလည်လာလိမ့်မည်။

**အကဲဖြတ်ခြင်း-** သင်တန်းသား၊သူများတို့သည် ပြီးပြည့်စုံသောရှာဖွေတွေ့ရှိသည့်အဖွဲ့တစ်ဖွဲ့တွင် ခြေလှမ်းများ၊ အဆင့်များတို့ကိုနှုတ်ဖြင့်ပြောင်းလဲပြောဆိုရန် တတ်စွမ်းနိုင်သလား။

**တန်ဆာပလာများ** - အရွယ်အစားကြီးသောစာရွက်ချပ်များ၊ မှတ်သားရန်ဖောင်တိန်များနှင့် တိပ်ပြား၊
- ရှာဖွေတွေ့ရှိသောအဖွဲ့၏လုပ်ဆောင်ရန်အစီအစဉ်မှတ်စု
- ရှာဖွေတွေ့ရှိသောအဖွဲ့များ- ဖန်ဆင်းခြင်းမှ ခရစ်တော်ချိန်ထိမှတ်စု
- သမ္မာကျမ်းစာစူးစမ်းလေ့လာရှာဖွေရန်အတွက် IDMM နှင့်ဆက်နွယ်သော မှတ်စု

---

ဤသင်ခန်းစာကို IDMM TOT 1 တွင်အသုံးပြုသည်။

## ရှာဖွေတွေ့ရှိသောအဖွဲ့၏လုပ်ဆောင်ရန်အစီအစဉ်
DISCOVERY GROUP PROCESS

**I. ပြန်ကြည့်ခြင်း**

၁. သင်သည် ဤရက်သတ္တပတ်အတွက် အဘယ်အရာကိုကျေးဇူးတင်သနည်း။

၂. သင်သည် ဤရက်သတ္တပတ်တွင် ဘာတွေရုန်းကန်နေရသနည်း။
သင်၏မိသားစု၊ မိတ်ဆွေများနှင့် အိမ်နီးနားချင်းများတို့၏အခြေအနေ ဘယ်လိုရှိသလဲ။

၃. လွန်ခဲ့သောရက်သတ္တပတ်တွင်လေ့လာခဲ့သောအရာများကို သင်သည် မည်သူနှင့်အတူဝေမျှခဲ့သနည်း။

၄. ၎င်းသည် ဤရက်သတ္တပတ် သင်၏ "ငါ.......လိမ့်မည်"နှင့်အတူ အဘယ်ကဲ့သို့သွားမည်နည်း။
ဝိညာဉ်ရေးရာ၊ ခန္ဓာရေးရာနှင့် လူမှုရေးရာပြောင်းလဲမှုများအကြောင်းကို မေးမြန်းပါ။

**II. ရှေ့သို့မျှော်ကြည့်ခြင်း-**

၁. ကျမ်းပိုဒ်တစ်ခုကိုဖတ်ပါ၊ ပုံပြင်တစ်ပုဒ်ကိုပြောပါ သို့မဟုတ် အများဆုံး ၁၀-၁၅ ကျမ်းပိုဒ်ရှိသော ပုံပြင်ကိုသရုပ်ဖော်ပြသမှုတစ်ခုကိုပြုလုပ်ပါ။ အခြားသူများက နားထောင်ပါ။

၂. နောက်တစ်ယောက်ကကျမ်းပုဒ်ကို ဖတ်ပါ သို့မဟုတ် ပုံပြင်ကိုပြောပါ။ အခြားသူများက နားထောင်ပါ။

၃. နောက်တစ်ယောက်က အဓိပ္ပါယ်ပြန်ဆိုခြင်းမရှိဘဲ ကျမ်းပိုဒ်အားမိမိစကားလုံးများဖြင့် ပြန်ပြောစေပါ။

၄. အဖွဲ့သည် ပါဝင်သည့်အကြောင်းအရာကို ဖြည့်စွက်ခြင်း သို့မဟုတ် ဖယ်ရှားခြင်း အားဖြင့် ပြန်လည်ဖော်ပြချက်သည် ပိုမို၍ တိကျစွာ နှင့် နားလည်ရန် ဖြစ်သည်။

၅. အခြားတစ်ယောက်အား သူတို့ကိုယ်ပိုင်စကားလုံးများဖြင့် ပြန်ပြောဆိုရန် တောင်းဆိုပါ။

**၆. အဓိကကျသောမေးခွန်းသုံးခု**

၁. ဤကျမ်းပိုဒ်သည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့အား အဘယ်အရာကို သွန်သင်သနည်း။

၂ ဤကျမ်းပိုဒ်သည် လူအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့အား အဘယ်အရာကို သွန်သင်သနည်း။

၃. အကယ်၍ဤအရာသည် ဘုရားသခင်ပြောဆိုမှုဖြစ်လျှင် ဤအပတ်တွင်သင်လေ့လာခဲ့သောအရာအား သင်မည်သို့တို့ပြန်လိမ့်မည်နည်း။

က. "ကျွန်တော်သည် ...... လိမ့်မည်"

**၇. လမ်းညွှန်ချက်များ-**

၁. ခေါင်းဆောင်ဟူသည် သင်တန်းမှူးဖြစ်သည်၊ ဆရာမဟုတ်ပါ။

၂.အဖွဲ့သည်နားထောင်ရန်နှင့်နာခံရန် ဘုရားသခင်၏ နှုတ်ကပတ်တော် ကိုအာရုံစူးစိုက်သည်။

၃. သင်တန်းမှူးသည် သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီခိုအားထားသည်။
၄. သင်တန်းမှူးသည် မေးခွန်းများကိုဖြေဆိုပေးခြင်း သို့မဟုတ် အဖွဲ့ဝင်တစ်ဦး အနေဖြင့် ဝေမျှပါသည်။
၅. ကျမ်းပိုဒ်ကိုအာရုံစူးစိုက်သည်။ ပြန်လှန်ညွှန်းခြင်း သို့မဟုတ် ပြင်ပ အရင်းအမြစ်များကို အာရုံမစိုက်ပါနှင့်။
၆. အကယ်၍ အသင်းဝင်တစ်ဦးသည် ပြင်ပ အရင်းအမြစ်ထံသို့ သွားရောက်ခဲ့ပါက အခြားသူများက "'ဒီစာကို အဘယ်နေရာမှသင်တွေ့ရှိသနည်းဟု" မေးနိုင်သည်။

III. **မျှော်လင့်စောင့်စားခြင်း/ရှေ့သို့မျှော်ခြင်း**

၁. ဤရက်သတ္တပတ်တွင်လေ့လာခဲ့သောအရာများကို သင်သည် မည်သူနှင့်အတူဝေမျှမည်နည်း။

၂. ကျွန်တော်တို့၏အရေးကြီးပုဂ္ဂိုလ် (VIP) အတွက် အမည်တပ်၍အတူတကွ ဆုတောင်းပါ။ (ဘုရားသခင်ကစိတ်နှလုံးတွင်ထည့်ပေးခဲ့သော ကျွန်ုပ်ပတ်လည်ရှိ ယုံကြည်သူတစ်ဦးမဟုတ်ပါ)

၃. ကျွန်တော်သည် ကျင့်ဆောင်ခြင်းနှင့် ပြောဆိုခြင်းတို့ဖြင့် ကျွန်တော့်၏အရေးကြီး ပုဂ္ဂိုလ်အား အဘယ်ကဲ့သို့အသိသက်သေတစ်ဦး ဖြစ်နိုင်ရန် ဘုရားသခင်ထံဆုတောင်းပါ (နားထောင်ချိန်)။ ဝေမျှပါ၊ ဆုတောင်းပါ။

IV. **စောင့်မျှော်ခြင်း/အပြင်ဘက်သို့မျှော်ခြင်း (ဤအရာသည် ပြီးပြည့်စုံသောတပည့်တော်ဖြစ်လာစေခြင်းဖြစ်သည်)**

၁. ဤရက်သတ္တပတ်တွင် ကျွန်တော်တို့ကူညီနိုင်သော လိုအပ်မှုတစ်ခုရှိသူတစ်ယောက်ယောက်အား သင်သိပါသလား။ အကြံပြုပါ သို့မဟုတ် ချစ်ခြင်းမေတ္တာပြုကျင့်ခြင်းတစ်ခုကို စီစဉ်ပါ။

၂. သင်၏မိသားစု သို့မဟုတ် ပတ်ဝန်းကျင်၌နေထိုင်သူများနှင့်စပ်လျဉ်း၍ ကောင်းမွန်သော ကိစ္စရပ်များ သို့မဟုတ် အခြားပြဿနာများတစ်စုံတစ်ခုခု ရှိပါသလား။

၃. ကျန်းမာရေး သို့မဟုတ် လူမှုရေးရာကိစ္စရပ်များအပေါ် အာရုံစူးစိုက်သော ရုပ်ပုံစာအုပ်တစ်အုပ်၏ တိုတောင်းသောဆွေးနွေးမှု သို့မဟုတ် သိသာထင်ရှားစေခြင်းတစ်ခု

ဤရက်သတ္တပတ်တွင် အကယ်၍ကျွန်တော်တို့၏ကလေးသည် ဝမ်းလျှောခြင်းမှရေဓာတ်ကုန်ခန်းလျှင် ကျွန်တော်တို့သည် အဘယ်သို့ဆောင်ရွက်ရမည်ကို လေ့လာသွားမည်။

**<u>ဝမ်းလျှောခြင်းနှင့် ရေဓာတ်ကုန်ခန်းခြင်း- ပုံပြင် သို့မဟုတ် အသက်တာတွင်အမှန်တွေ့ကြုံမှုကို ပြောပါ။</u>**

လွန်ခဲ့သော အပတ်တွင် ဂျာမီလာ(Jamila) က သူမ၏ကလေးငယ်သည် ဝမ်းလျှောခြင်းဖြင့်ဖျားခဲ့သည့်အကြောင်းကိုဝေမျှခဲ့သည်။ ၎င်းနောက်သူမသည် အလွန်အားနည်းလာသည်။ ကျွန်တော်သည် ဂျာမီလာနေအိမ်သို့သွားခဲ့ပြီး ကလေးငယ်အတွက်ခွန်အားပြည့်

ဝလာစေရန် အဘယ်ကဲ့သို့သောအထူးသောက်သုံးမှုကိုသောက်ရန်နှင့် ဝမ်းလျှောခြင်းဖြင့် ကုန်ဆုံးသွားခဲ့သောကလေးငယ်၏အရည်ကို မူလရှိရင်းအခြေသို့ပြန်ရောက်စေရန် သူမအား ပြသပေးခဲ့သည်။

**ကလေးငယ်တစ်ဦးတွင် ရေဓာတ်ဆုံးရှုံးခြင်း (သူ၏ခန္ဓာကိုယ်ထဲတွင်ရေကောင်းမဲ့ခြင်း) တစ်ချို့လက္ခဏာများမှာ အဘယ်နည်း။**

က. ကလေး၏ယေဘုယျအခြေအနေကို ကြည့်ပါ။

၁. သူသည် နိုးနေသလား၊ သတိရှိသလား။

၂. သို့မဟုတ် သူသည် ငိုက်မျဉ်းနေသလား သို့မဟုတ် အိပ်ချင်မူးတူးဖြစ်နေသလား သို့မဟုတ် သတိလက်လွတ်ဖြစ်သလား။

၃. သူမသည် မနားမနေဖြစ်သလား၊ ဒေါသအမျက်ထွက်လွယ်သလား။

ခ. အကယ်၍ ဖြစ်နိုင်လျှင် ကလေးအား ကိုယ်အလေးချိန်ပါ။ သူသည် ကိုယ်အလေးချိန် လျော့နေခဲ့သလား။ ဘယ်လောက်လျော့သလဲ။

ဂ. သူမ၏မျက်လုံးကိုကြည့်ပါ။ မျက်လုံးများတို့သည် မြုပ်နေသလား။

ဃ. အရေပြားကိုဆိတ်၍ စမ်းသပ်ကြိုးစားပါ။

ဝမ်းဗိုက်၏အရေပြားကိုဆိတ်ပါ၊ ညှစ်ပါ။ ၎င်းသည် ပြန်သွားသလား။

၁. အလွန်နှေးကွေးစွာ (၂စကန့်ထက် ပိုကြာသည်)

၂. နှေးကွေးစွာ

၃. ချက်ချင်း

င. ကလေးအား အရည်ပေးကမ်းပါ။ ကလေးသည်....

၁. မသောက်နိုင်သလား သို့မဟုတ် သောက်တာနည်းသလား။

၂. ရေဆာသလား၊ စိတ်အားထက်သန်စွာသောက်သလား။

**ဆေးခန်းသို့သွားချိန်--**

၁. ကလေးကအိပ်ချင်စိတ် သို့မဟုတ် သတိမေ့မျောနေသည်။

၂. ကလေးသည် ကိုယ်အလေးချိန် တစ်ဆယ်ရာခိုင်နှုန်းကျသည်။

၃. ကလေးတွင် ခြောက်သွေ့သောနှုတ်ခမ်းနှင့် မြုပ်နေသောမျက်လုံးရှိသည်။

၄. ဆိတ်၍ စမ်းသပ်မှုသည် အလွန်နှေးကွေးစွာနဂိုအတိုင်းပြန်ဖြစ်လာသည်။

၅. ကလေးသည် မသောက်နိုင်ပါ သို့မဟုတ် နှေးကွေးစွာသောက်နေသည်။

**ကိုယ်ခန္ဓာသို့ရေဓာတ်ပြန်လည်ရရှိစေရန်ကို မည်ကဲ့သို့ပြင်ဆင်မည်နည်း။**

၁. သန့်ရှင်းပြီးဆူပွက်သောရေနွေး တစ်လီတာရှိသည့်ရေဗူးတစ်ဗူးသို့ ပုလင်းအဖုံးမှသကြားခြောက်ခွက် (လက်ဘက်ရည်ဇွန်း)

နှင့် ဆားတစ်ဝက်တို့ကိုဖြည့်စွက်ပါ။ တိုင်းတာချိန်တွယ်ရန် ဆိုဒါရည်ပုလင်းတစ်ခုမှအဖုံးကို သုံးပါ။
၂. အားလုံးအရည်ဖြစ်ကာအနေထိုင်ပြီးနောက် သူမ၏ကလေးသည် ဤဖြေရှင်းမှု၌ ခွက်တစ်ဝက်ကိုလိုအပ်သည်။
၃. ၎င်းကိုသန့်ရှင်းသောခွက်တစ်ခုထဲထည့်ပြီး ခွက်သို့မဟုတ် ဇွန်းတခုခုကို အသုံးပြု၍ ကလေးအားကျိုက်၍ သောက်စေရန်ပေးပါ။
၄. ဝမ်းလျှောခြင်းရပ်သွားသည်ထိတိုင်အောင် ဤအရာကိုဆက်လက်ပေးပါ။

**ဤသိနားလည်ခြင်းအသစ်နှင့်အတူ သင်ဘာလုပ်မည်နည်း။ ကျွန်တော်သည်.... လိမ့်မည်။**

**သမ္မာကျမ်းစာစူးစမ်းလေ့လာရှာဖွေရန်အတွက် IDMM နှင့်ဆက်နွယ်သောကျမ်းပိုဒ်များ**
Passages for Bible Discovery related to IDMM

| | |
|---|---|
| ကမ္ဘာဦးကျမ်း ၁း၂၆-၃၁ နှင့် ၃း၁၅ | ကြီးမားသောဖြစ်ရပ်ပုံပြင်- ဖန်ဆင်းခြင်း |
| ကမ္ဘာဦးကျမ်း ၃း၁-၂၄ | ကြီးမားသောဖြစ်ရပ်ပုံပြင်- ပုန်ကန်ခြင်း၊ ကျဆုံးခြင်း |
| ဟေရှာယ ၅၃း၅ နှင့် ကောလောသဲ ၁း၂၀ | ကြီးမားသောဖြစ်ရပ်ပုံပြင်-ပျက်ဆီးသွားခဲ့သောအခြေခံဆက်သွယ်မှုများကို နဂိုနေရာသို့ရောက်ရှိစေခြင်း |
| မာကု ၅း၂၅-၃၄ | ကောင်းမွန်သောကျန်းမာရေး- ဆက်သွယ်မှုများလေးခု |
| လုကာ ၂း၅၂ | ပြီးပြည့်စုံသောတပည့်တော် |
| ကောရိန္တု ဒုတိယစောင် ၅း၁၈-၂၀ | ကျွန်တော်တို့သာသနာ-ပြန်လည်သင့်မြတ်ခြင်းသာသနာ-အခြေခံကျသောဆက်သွယ်မှုများလေးခု- ဆင်းရဲနွမ်းပါးခြင်း |
| လုကာ ၁၀း၂၅-၃၇ | သင်နှင့်စပ်ဆိုင်သူအားချစ်ရန်- ကူညီထောက်ပံ့မှု |
| လုကာ ၄း၁၈-၁၉၊ ၄၃ | ယေရှုသည်အဘယ်ကြောင့်လူ့လောက၊ နိုင်ငံတော်၊ ဆင်းရဲနွမ်းပါး-- သို့ကြွလာခဲ့သနည်း။ |
| မဿဲ ၄း၂၃-၂၅၊ ၉း၃၅-၃၈ | သနားညှာတာမှု- ယေရှု၏သာသနာလုပ်ငန်း |
| လုကာ ၉း၁-၂၊ ၁၀း၁၈-၉ | သင်ကြားခြင်း၊ အနာကိုသက်သာစေခြင်း၊ နတ်ဆိုးတို့ကိုနှင်ထုတ်ခြင်း။ ကျွန်တော်တို့၏သာသနာ |
| တမန်တော် ၁၀း၁-၁၈ | လောကအမြင်- တပည့်တော်ဖြစ်လာစေခြင်း- ပြုပြင်ပြောင်းလဲမှု |
| ဂလာတိ ၄း၉၊ ကောလောသဲ ၂း၈ | လောကအမြင်- ရန်သူ၏နည်းဗျူဟာ |
| ယောဟန် ၄း၁-၂၆ | ဝိညာဉ်ရေးရာစကားစမြည်ပြောဆိုခြင်း၊ အပြုအမူ၊ အသင်းအချက်အလက်များစုဆောင်းခြင် |
| တမန်တော် ၁၀း၁-၁၈ | ပြီးပြည့်စုံသောကြီးထွားတိုးတက်မှု- ယုံကြည်ခြင်း၊ အသင်းလိုက် |

| | |
|---|---|
| | လုပ်ငန်း |
| ဓမ္မရာဇဝင်တတိယစောင် ၄း၁-၇ သို့မဟုတ် မာကု ၆း၃၀-၄၄ | လူ့အသိုင်းအဝိုင်းတွင် အထောက်အမများ၊ အားအင်များ ဘုရားသခင်သည် ကျွန်တော်တို့၏အထောက်အမများကို တိုးပွားစေသည်။ |
| မဿဲ ၂၅း၁၄-၃၀ | ဒေသခံရှိအထောက်အမများကို ပညာရှိရှိအသုံးပြုခြင်း |
| မာကု ၁၀း၄၆-၅၂ | အရေးမပါဟုသဘောထားခံရခြင်း |
| မာကု ၆း၄၅-၅၆ | ယုံကြည်ခြင်းဖြင့်ရွှေ့ခြင်း |
| နေဟေမိ ၁း၁-၁၁ | နေဟေမိငိုကြွေးခြင်း- သနားကရုဏာ-မျှော်မှန်းချက် |
| နေဟေမိ ၂း၁-၁၀ | နေဟေမိနှင့် ရှင်ဘုရင်- အထောက်အမများ၊ အင်အားများ |
| နေဟေမိ ၂း၁၁-၁၈ | လူ့အသိုင်းအဝိုင်းလိုအပ်မှုများ-ထုတ်ဖေါ်ရန်နည်းလမ်းများ |
| နေဟေမိ ၄း၁-၂၃ | လူ့အသိုင်းအဝိုင်းကြီးထွားတိုးတက်မှုတွင်ဆန့်ကျင်မှုကိုတွေ့ကြုံခြင်း |
| နေဟေမိမ ၅း၁-၁၉ | လူမှုရေးရာတရားမျှတမှုမရှိခြင်းနှင့် လူ့အသိုင်းအဝိုင်းကြီးထွားတိုးတက်မှု |
| တရားဟောရာကျမ်း ၂၃း၁၃-၁၅ | ရောဂါကာကွယ်ရန်တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး-တွင်းအိမ်သာများ |
| ဖေက် ၁း၇၊ ၁ ယောဟန် ၁း၇-၉ | စိတ်နှလုံးသန့်ရှင်းစင်ကြယ်ခြင်း |
| သုတ္တံ ၃း၈၊ ၁၇း၂၂ | အနာရောဂါဖြစ်ခြင်းနှင့် စိတ်ထိခိုက်လှုပ်ရှားခြင်း။ |
| မဿဲ ၁၂း၂၂၊ လုကာ ၁၃း၁၀-၁၁ | အနာရောဂါဖြစ်ခြင်း- ကျွန်တော့်ဝိညာဉ်မှ |
| ဝတ်ပြုရာ ၁၃နှင့် ၁၅ | ကျွန်တော်တို့ခန္ဓာကိုယ်၌ ပွင့်နေခြင်းမှ အနာရောဂါဖြစ်ခြင်း |

**ရှာဖွေတွေ့ရှိသောအဖွဲ့ဖြစ်ရပ်ပုံပြင်များ- ဖန်ဆင်းခြင်းမှ ခရစ်တော်**

Discovery Group Stories – Creation to Christ

**ကမ္ဘာလောကကြီးကိုဖန်ဆင်းခြင်း**

၁. ကမ္ဘာလောကကြီးကိုဖန်ဆင်းခြင်း- **ကမ္ဘာဦးကျမ်း ၁း၁-၂း၃**

၂. လူသားကိုဖန်ဆင်းခြင်း- **ကမ္ဘာဦးကျမ်း ၂း၄-၂၅**

**အပြစ်ပုံပြင်- လူသားနာမခံခြင်း**

၃. အပြစ်နှင့်တရားစီရင်ခြင်းအစ

၄. အပြစ်သည် အာဒံနှင့်ဧဝသားစဉ်မြေးဆက်သို့ပျံ့နှံ့ခြင်း- **ကမ္ဘာဦးကျမ်း ၄း၁-၁၆**

၅. အပြစ်သည် ကမ္ဘာလောကသို့ပျံ့နှံ့သည်- ရေလွှမ်းမိုးခြင်း- **ကမ္ဘာဦးကျမ်း ၆း၁၁-၂၂၊ ၇း၁၁-၂၃၊ ၈း၁၄-၂၂**

**ရွေးနုတ်ကယ်တင်ခြင်းဖြစ်ရပ်ပုံပြင်- အပြစ်၏အဖိုးအခနှင့် ခွင့်လွှတ်ခြင်းကတိတော်**

၆. အာဗြဟံအားဘုရားသခင်၏ကတိတော်- **ကမ္ဘာဦးကျမ်း ၁၂း၁-၉၊ ၁၅း၁-၆**

၇. ဘုရားသခင်သည် ဣဇာက်အတွက်အစားထိုးရန်ယဇ်ပူဇော်မှုကို ကူညီထောက်ပံ့သည်။ **ကမ္ဘာဦးကျမ်း ၂၂း၁-၁၉**

၈. အာဗြဟံ၏သားစဉ်မြေးဆက်များ ကျွန်ခံရပြီးနောက်၊ ဘုရားသခင် က မောရှေ ကို လွှတ်မြောက်သူ အဖြစ်ရွေးချယ်သည်။ **ထွက်မြောက်ရာ ၁း၁-၁၄၊ ၃း၁-၁၄**

၉. ပသခါပွဲ- အသွေးနှင့်သိုးသူငယ်- **ထွက်မြောက်ရာကျမ်း ၁၂း၁-၂၈**

၁၀. ဘုရားသခင်သည် သူ၏ပညတ်တော်ဆယ်ပါးနှင့် ပညတ်တော်ကိုချိုးဖောက်ခြင်း အတွက် ယဇ်ပူဇော်မှုတို့ကိုပေးသည်။ **ထွက်မြောက်ရာကျမ်း ၂၀း၁-၂၁၊ ဝတ်ပြုရာကျမ်း ၄း၁-၄**

၁၁. ဘုရားသခင်၏လူတို့သည် အပြစ်ကိုဆက်လက်ပြုသည်။ (**တရားသူကြီး ၂း၁၀-၂၃**

၁၂. ဘုရားသခင်သည် ကယ်တင်သူတစ်ပါးအားစေလွှတ်လိမ့်မည်။ **ဟေရှာယ ၉း၁-၇၊ ၅၃**

**ယေရှုသည် ကယ်တင်ခြင်းကတိတော်ကိုပြည့်စုံစေခြင်းငှါ လာသည်**

၁၃. ပရောဖက်ပြုချက်အတိုင်း ယေရှုဖွါးမြင်ခြင်း- **မဿဲ ၁း၁-၁၅**

၁၄. ယေရှုနှစ်ခြင်းမင်္ဂလာခံယူခြင်း- "ဘုရားသခင်၏သိုးသူငယ်ကိုကြည့်လော့"ဟု ယောဟန်နှင့် ဝိညာဉ်တော်သက်သေခံခြင်း- **မဿဲ ၃၊ ယောဟန် ၁း၂၉-၃၄**

၁၅. ခရစ်တော်ကိုစုံစမ်းသွေးဆောင်ခြင်း- **မဿဲ ၄း၁-၁၁**

၁၆. ယေရှုသည် အပြစ်လွှတ်ရန်အခွင့်အာဏာရှိသည်-။ ခြေလက်သေသောသူနှင့် မိတ်ဆွေလေးဦး- **လုကာ ၅း၁၇-၂၆**

၁၇. ယေရှုသည် သဘာဝအပေါ်တွင် တန်းခိုးရှိသည်။ ပင်လယ်ကိုငြိမ်စေသည်- **မာကု ၄း၃၅-၄၁**

၁၈. ယေရှုသည် ဝိညာဉ်အပေါ်တွင် တန်းခိုးရှိသည်။ ဂါဒရပြည်နတ်စွဲသောသူ- **မာကု ၅း၁-၂၀**

၁၉. ယေရှုသည် သေဆုံးခြင်းအပေါ်တန်ခိုးရှိသည်- ယေရှုသည် လာဇရုအားပြန်လည်ရှင်စေသည်- **ယောဟန် ၁၁း၁-၄၅**

၂၀. ယေရှုသည် ထာဝရအသက်ကိုယူဆောင်လာသောကယ်တင်ရှင်ဖြစ်သည်။ **ယောဟန် ၄း၁-၂၆၊ ၃၉-၄၂**

**ကတိတော်သည် ပြည့်စုံသည်။**

၂၁. နောက်ဆုံးညစာ- "ဤအရာသည် သင်တို့အဖို့ ချိုးဖဲ့ခဲ့သောငါ၏ကိုယ်နှင့်သွေးဖြစ်၏။" **မဿဲ ၂၆း၁၈-၃၀**

၂၂. ယေရှုသည်သစ္စာဖောက်ခြင်း၊ ဖမ်းဆီးခြင်း၊ မှားယွင်းစွာစွပ်စွဲခြင်း၊ စစ်ဆေးစမ်းသပ်ခြင်းနှင့် ကားတိုင်တင်သတ်ရန်အဆုံးစီရင်ခြင်းတို့ကို ခံခဲ့ရသည်။ **ယောဟန် ၁၈း၁-၁၉း၁၆**

၂၃. လက်ဝါးကားတိုင်တင်၍သတ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် ယေရှုအားဆန့်ကျင်ခြင်း၊
"ဤအမှုပြီးပြီ" - **ယောဟန် ၁၉း၁၆-၄၂**

၂၄. ရှင်ပြန်ထမြောက်ခြင်း၊ တပည့်တော်များနှင့် နောက်လိုက်များထံသို့ပေါ်လာခြင်း၊
**လုကာ ၂၄း၁-၃၅**

၂၅. ယေရှုသည် ခမည်းတော်ထံသို့ပြန်သွားခြင်း၊ ကောင်းကင်ဘုံသို့တက်သွားခြင်း၊
**လုကာ ၂၄း၃၆-၅၃**

၂၆. ကျွန်တော်တို့၏တုံ့ပြန်မှု- ဒုတိယမွေးခြင်း **ယောဟန် ၃း၁-၂၁**